Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (031/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၃၁/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့မှ ဩဂုတ်လ (၂၈ ) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ရခိုင်ပြည်နယ်အနောက်ပိုင်း ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်ရှိ ရိုဟင်ဂျာများကို မက်လုံးပေးစည်းရုံးသည့်အနေဖြင့် ယာယီနိုင်ငံသားမှတ်ပုံတင် အဖြူရောင်ကတ်များအား ငွေ ၂၀၀၀ ကျပ် ကျော်ဖြင့် ထုတ်ပေးထားသော်လည်း ခရီးသွားလာရာတွင် လွတ်လပ်မှုမရှိကြောင်း ရိုဟင်ဂျာအရေးလေ့လာသူတစ်ဦးက ပြောသည်။ **(RFA 220810)** **Read More...**
- ကမ္ဘာလှည့် ခရီးသွားများကို ပြည်ဝင်ခွင့်စိစစ်သည့်အနေဖြင့် ရန်ကုန်နှင့်မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် လွန်ခဲ့သည့် ၄ လခန့်က တည်းက ဆိုက်ရောက်ဗီဇာ ထုတ်ပေးခဲ့သော်လည်း လာမည့်စက်တင်ဘာလ (၁) ရက်နေ့မှစ၍ ရွေးကောက် ပွဲပြီးသည်အထိ ဆိုက်ရောက်ဗီဇာ ထုတ်ပေးတော့မည်မဟုတ်ကြောင်း နေပြည်တော်ရှိဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။ **(Mizzima 230810)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် ပဲခူးတိုင်း ပေါင်းတည်မြို့အနောက်ဘက်ခြမ်း ကျေးရွာများရှိ လယ်သမားများကို ငွေတရာလျှင် နှစ်ကျပ်တိုးဖြင့် ငွေချေးကာ စည်းရုံးနေသည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(BBC 230810)** **Read More...**
- လာမည့် စက်တင်ဘာ ၁ ရက်နေ့တွင် ရန်ကုန်တိုင်း စုပေါင်းရုံးကြီးရှိ ရန်ကုန်တိုင်း ရဲရုံးနှင့် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကော်စီရုံး (တယက) တို့ကို ပြည်လမ်းပေါ်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ရဲရုံးမှ အမည်မဖော်လိုသော ရဲအရာရှိတစ်ဦးကပြောသည်။ **(Mizzima 230810)** **Read More...**
- ကရင်နီပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ဒေသခံအာဏာပိုင်များနှင့်ပူးပေါင်းကာ ကရင်နီပြည် ကိုယ်စားပြုလူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ **NUDP** ကို ရွေးကောက်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင်မှုမပြုလုပ်နိုင်ရန်အတွက် ခြိမ်းခြောက်နှောက်ယှက်မှုများပြုလုပ်၍ ပါတီ ဥက္ကဋ္ဌ စဲရယ်လှဖေ၏ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို ပိတ်လိုက်သည်ဟု **NUDP** ပါတီနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(KT 230810)** **Read More...**
- မွန်ပြည်နယ် မုဒုံမြို့နယ်တွင် လျာထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အင်အား ပြည့်မီရန်အတွက် မပြည့်ရသေးသည့် မြို့နယ်အထွေထွေ အတွင်းရေးမှူးများကို သတ္တုတွင်းဝန်ကြီး ဗိုလ်ချုပ်အုန်းမြင့်က ဆူပူကြိမ်းမောင်း နေကြောင်း မုဒုံမြို့နယ် ကျိုက်ရွဲရွာသားတစ်ဦးကပြောသည်။ **(IMNA 230810)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နိုင်ဝင်ဘာ ၇ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည်ဟု ကြေညာလိုက်ပြီးနောက် ရန်ကုန်မြို့ရှိ အစိုးရအဆောင်အအုံများ အပြောင်းအရွှေ့ပြုလုပ်ရာတွင် ပြည်လမ်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြားပိုင်မြေနှင့် စတူဒီယိုအဆောက်အအုံကို ရွှေတောင်ကုမ္ပဏီထံသို့ ကျပ်သန်းပေါင်း ၁၃၀၀ နှင့် ရောင်းချလိုက်ပြီး ရရှိသည့်ငွေများကို မည်သူရရှိပြီး မည်သည့်နေရာတွင်သုံးစွဲသည်ကို ရှင်လင်းစွာဖော်ပြထားခြင်းမရှိဟု အမည်မဖော်လိုသူ အစိုးရဝန်ထမ်းတစ်ဦးကပြောသည်။ **(RFA 240810)** [Read More...]
- ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိဒ်ခေါ်ဒါရ်မြို့ ၌ မယက ဥက္ကဌ ဦးဂိုရှန်းထန်း ဦးဆောင်မှုဖြင့် အမှတ် (၂) မဲရုံးနယ်မြေရှိ အစိုးရမူလတန်းကျောင်းတွင် ဩဂုတ်လ ၉ ရက်နေ့ကအစည်းအဝေးပြုလုပ်ရာ ကြံ့ဖွံ့ပါတီကို မဲပေးထောက်ခံကြရန်နှင့် ကြံ့ဖွံ့ပါတီတွင်းဝင်ရောက်ကြရန် ဟောပြောစည်းရုံးခဲ့သည်ဟု အစည်းအဝေးတက်ရောက်သူတစ်ဦးကပြောသည်။ **(Khonumthung 240810)** [Read More...]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** ခေါင်းဆောင် ဦးသိန်းစိန်သည် လာမည့်ရွေးကောက်ပွဲတွင် **USDP** အနိုင်ရရှိရေးအတွက် အဓိကထားဆောင်ရွက်ရာတွင် ကုန်ကျငွေများကို အစိုးရစရိတ်ဖြင့် အသုံးပြုနေကြောင်း သာယာဝတီ မြို့ခံတစ်ဦးက ပြောသည်။ **(Irrawaddy 250810)** [Read More...]
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စစ်ဆင်ရေး အထူးအဖွဲ့မှူး (ကစထ မှူး) များဖြစ်သည့် ဗိုလ်ချုပ်ကြီး အုန်းမြင့်၊ ဗိုလ်ချုပ်ကြီး သာအေး၊ ဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဗိုလ်ချုပ်ကြီး ခင်ဇော် တို့အပြင် တပ်မတော် စစ်ဆင်ရေးနှင့် စာရင်းစစ်ချုပ် ဗိုလ်ချုပ်ကြီး မောင်ရှိန်၊ တပ်မတော် စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ် ဗိုလ်ချုပ်ကြီး တင်အေး၊ လေကြောင်းရန် ကာကွယ်ရေး အရာရှိချုပ် ဗိုလ်ချုပ်ကြီး မြင့်လှိုင်တို့ကို ရာထူးမှ အနားပေးလိုက်သည်ဟု နေပြည်တော် စစ်တပ်အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 240810)** [Read More...]
- ရန်ကုန်တိုင်း မြို့နယ်အသီးသီးရှိ ရပ်ကွက်ကောင်စီရုံးများတွင် ဒေသခံအာဏာပိုင်များ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** ဝင်များက ၅ နှစ်အောက် ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး မိသားစုများကို ပါတီဝင်ခိုင်းနေကြောင်း တာမွေမြို့နယ်ရှိ ကလေးမိခင်တစ်ဦးကပြောသည်။ **(Mizzima 240810)** [Read Mroe]
- အလုပ်သမားကဒ်လုပ်ပေးမည်ဟုအကြောင်းပြပြီး ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်အတွင်းရှိ ဒေသခံတစ်သောင်းကျော်အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** က ပါတီဝင်အဖြစ် စုဆောင်းခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 240810)** [Read More]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** က ပဲခူးတိုင်း ထုံးကြီးကျေးရွာအုပ်စု ဘုရားငုတ်တိုရွာ ဓမ္မာရုံတွင် မဲဆွယ်စည်းရုံးရာ၌ "ပြည်ခိုင်ဖြိုးအောင်ရမည်"ဟု ကြွေးကြော်ခြင်းသည် ဥပဒေ ချိုးဖောက်ရာရောက်သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ **(NUP)** က ပဲခူးခရိုင် ရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားလိုက်သည်ဟု **(NUP)** အတွင်းရေးမှူး ဦးလှမြင့်က ပြောသည်။ **(Mizzima 250810)** [Read More...]
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ **USDP** သည် တစ်နိုင်ငံလုံးတွင် ပါတီရုံးခွဲပေါင်း ၄၀၀ ကျော်ရှိပြီး လွှတ်တော်သုံးရပ်စလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် ပါတီဝင်ဦးရေ ၁၈ သန်းမှ သန်း ၂၀ ခန့်ရှိသည်ဟု **USDP** အလုပ်အမှုဆောင်တစ်ဦးက ပြောသည်။ **(Myanmar Times Vol .25, No.481 260810)** [Read More...]
- တာချီလိတ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကော်မတီဝင်များသည် အချို့ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်းလှည့်လည်၍ အသက် ၅၀–၆၀ ကျော် မသိနားမလည်သူများအား ဓါတ်ပုံ ရိုက်ယူပြီးနောက်ပါတီဝင် ကဒ်ပြားပြုလုပ်ကာ ပါတီဝင်အဖြစ် အဓမ္မသွတ်သွင်းနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **(S.H.A.N 260810)** [Read More…]
- ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ၏ လျှောက်လွှာတင်သွင်းမှုသည် ခက်ခဲကြန့်ကြာမှုများ ကြုံတွေ့နေရသည်ဟု ပါတီခေါင်းဆောင်များကပြောသည်။ **(BBC 270810)** [Read More...]
- ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဒု–ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့သည် တပ်မတော်ရာထူးမှ အနားယူလိုက်ပြီး ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ဒု–ဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ ဒု–ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ဒု–ဗိုလ်ချုပ်ကြီး ကိုကို၊ ပူးတွဲ ညှိနှိုင်းရေးကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) အဖြစ် ဒု–ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



တို့ကို ခန့်အပ်လိုက်ကြောင်း နေပြည်တော်စစ်တပ်အသိုင်းအဝိုင်းနှင့်နီးစပ်သူတစ်ဦးကပြောသည်။ **(Irrawaddy 270810)** Read More…

- ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းက တောင်ဥက္ကလာပမြို့နယ်တွင် ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း ဩဂုတ်လ ၂၆ ရက်နေ့ထုတ် ရန်ကုန်တိုင်း (မ) သတင်းဂျာနယ်တွင် ဖော်ပြထားသည်။ **(NEJ 270810)** Read More…
- ပါတီဝင်အင်အား မရှိသေးသည့် မြို့နယ်အချို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က အခြားနိုင်ငံရေးပါတီများ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည့် အရက်ချက်လုပ် ရောင်းဝယ်ရေး လိုင်စင်အပါအဝင် စီးပွားရေးဆိုင်ရာအခြားလုပ်ကိုင်ခွင့် ပါမစ်များချပေး၍ ပြည်သူများကို စည်းရုံးနေကြောင်း မွန်ပြည်နယ်၊ ရေးမြို့နယ်မှ စီးပွားရေးသမားတစ်ဦးကပြောသည်။ **(NEJ 270810)** Read More…
- နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်လောင်းစာရင်း တင်သွင်းခြင်း မပြီးပြတ်သေးသဖြင့် ရွေးကောက်ပွဲကော် မရှင်က ဩဂုတ်လ ၂၈–၂၉ ရုံးပိတ်ရက် (၂) ရက်တွင်လည်း ကိုယ်စားလှယ်လောင်းစာရင်း တင်သွင်းခွင့်ပြုလိုက်ကြောင်း ဩဂုတ်လ ၂၇ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ **(NEJ 270810)** Read More…
- လားရှိုးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ကျေးလက်ဒေသများ၌ မဲဆွယ်စည်းရုံးရေးလုပ်နေစဉ် သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** သည် နောက်ကွယ်တွင် လက်နက်ကိုင်အဖွဲ့များ ထောက်ပံ့ကူညီပေးနေသည်ဟု စွပ်စွဲပြောဆိုသွားကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 270810)** Read More...
- တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ **NUP** သည် မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်တို့တွင် ရွေးကောက်ပွဲစည်းရုံးရေးခရီးစဉ်ကို မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ **AMRDP** နှင့်အပြိုင် ဩဂုတ်လအတွင်း ပေါ်ပေါ်ထင်ထင် မဲဆွယ်စည်းရုံးမှု ပြုလုပ်နေကြောင်း ဒေသခံများကပြောသည်။ **(INMA 280810)** Read More …
- ဗိုလ်ချုပ်ကြီးသုရရွှေမန်းနှင့် ဗိုလ်ချုပ်ကြီး သီဟသုရတင်အောင်မြင့်ဦး တို့အပါအဝင် ရာထူးမှ အငြိမ်းစားပေးခြင်း ခံရသည့် ဒုတိယ ဗိုလ်ချုပ်ကြီးများသည် နေပြည်တော်ရှိ နေအိမ်များမှ ချက်ချင်း ဖယ်ရှားပေးရန် အကြောင်းကြားခဲ့ပြီး အစိုးရပိုင်ကားများကိုလည်း ပြန်အပ်ခိုင်းခဲ့ကြောင်း စစ်အစိုးရအသိုင်းအဝိုင်းနှင့်နီးစပ်သည့် စီးပွားရေးသမားတစ်ဦးကပြောသည်။ **(Irrawaddy 280810)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေဖြင့် စစ်အာဏာရှင်စနစ်ဆက်လက်ပေါ်ပေါက်မည့် ရွေးကောက်ပွဲကို သပိတ်မှောက်ကြောင်း ထုတ်ပြန်ကြေညာလိုက်ခြင်းသည် မဲရုံကို မသွားကြရေး၊ မဲမထည့်ရေးနှင့် ရွေးကောက်ပွဲ မဖြစ်မြောက်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်ပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ပူပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း **NLD** ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ပြောသည်။ **(DVB 230810)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ ဦးဟံသာမြင့်၊ ဦးလှမင်းနှင့် ဦးအောင်စိုးတို့ပါဝင်သော အဖွဲ့သည် တနင်္သာရီတိုင်း ထားဝယ်မြို့နယ်ရှိ အဖွဲ့ချုပ်ဝင်များနှင့် တွေ့ဆုံရာတွင် ရွေးကောက်ပွဲသပိတ်မှောက်ရေးနှင့် မဲမပေးပဲနေနိုင်ခွင့်ရှိကြောင်းတို့ကို ပြည်သူများအားရှင်းပြရန် တိုင်ပင်ဆွေးနွေးခဲ့သည်ဟု ဗဟိုကော်မတီအဖွဲ့ဝင် ဦးဟံသာမြင့်က ပြောသည်။ **(DVB 230810)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နအဖစစ်အစိုးရအနေဖြင့် အမျိုးသာပြန်လည်သင့်မြတ်ရေးကို အမှန်တကယ် စိတ်ဆန္ဒရှိလျှင် အချိန်မရွေး ဆောင်ရွက်နိုင်သည့်ကိစ္စဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ဩဂုတ်လ ၂၄ ရက်နေ့က သွားရောက်တွေ့ဆုံခဲ့သူ ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ **(VOA 240810)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေဖြင့် ပါဝင်ခြင်းမရှိသော်လည်း လျစ်လျူရှုမထားပဲ မျှတမှု ရှိ၊ မရှိကို ပြည်သူလူထုအနေဖြင့် စောင့်ကြည့်ရန် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပြောဆိုခဲ့ကြောင်း ဩဂုတ်လ ၂၄ ရက်နေ့က သွားရောက်တွေ့ဆုံခဲ့သူ ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(VOA 240810)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဌ ဦးတင်ဦးနှင့် ဦးဝင်းတင်တို့ ဦးဆောင်သည့် အဖွဲ့ချုပ်ဝင်များသည် ကိုဇော်သက်ထွေး၊ ဦးအုန်းသန်းနှင့် ကိုကျော်ကိုကိုတို့အပါအဝင် ဗဟန်းမြို့နယ်နှင့် တာမွေမြို့နယ်ရှိ နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်နေအိမ်များကို သွားရောက်အားပေးစကားပြောကြားခဲ့သည်ဟု **NLD** ဒု–ဥက္ကဌ ဦးတင်ဦးက ပြောသည်။ **(DVB 240810)** Read More...
- ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ဩဂုတ်လ ၂၃ ရက်နေ့တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ နိုင်ငံရေးအကျဉ်းသား မိသားစု (၁၀) စု၏ နေအိမ်များကို သွားရောက်ကာ တစ်ဦးကို ငွေ ၇၅၀၀ ကျပ်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ် ဥက္ကဌ ဦးအောင်ခင်ဘိုက ပြောသည်။ **(DVB 240810)** Read More...
- စစ်အစိုးရ ထုတ်ပြန်ကြေညာခဲ့သော စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ် ၃ မြို့နယ်ကို နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် သတ်မှတ်လိုက်ရာ နာဂလူမျိုးများ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းခြင်းမရှိဘဲ ထုတ်ပြန်ကြေညာခဲ့သဖြင့် စစ် အစိုးရ လက်အောက်တွင် အကန့်အသတ်ဖြင့်သာ နေထိုင်ကြရမည်ဖြစ်သောကြောင့် နာဂအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **(NLD)** က ကန့်ကွက်ကြောင်း အဖွဲ့ဥက္ကဌ ဦးစောဆက ပြောသည်။ **(Irrawaddy 240810)** Read More...
- ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ကို မဲပေးလိုသည့် ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲတွင် **(NLD)** မပါဝင်သဖြင့် မဲမပေးကြရန်သာရှိကြောင်း ဩဂုတ်လ ၂၄ ရက်နေ့တွင် ရှေ့နေများနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်ဟု ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ **(NEJ 250810)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဩဂုတ်လ ၂၅ ရက်နေ့၌ ရှေ့နေများနှင့် တွေ့ဆုံစဉ် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** သည် ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်သည်ဟု ဆိုသော်လည်း ပြည်သူများအနေဖြင့် မဲပေးခြင်းနှင့် မဲရေတွက်သည့် နေရာတွင် ရိုးသားမှု ရှိ၊ မရှိ သေသေချာချာ စောင့်ကြည့်ပြီး မရိုးသားမှုများ တွေ့ရှိပါက ဖော်ထုတ်ကြရန်လိုအပ်ကြောင်း" ပြောကြားခဲ့သည်ဟု ရှေ့နေဦးဉာဏ်ဝင်းကပြောသည်။ **(RFA 250810)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြည်ပသတင်းဌာနများသည် ပြည်သူလူထု၏ အားကိုးရာဖြစ်ပြီး လွတ်လပ်မျှတသော ရွေးကောက်ပွဲတရပ်ဖြစ်ရန် သတင်းလွတ်လပ်ခွင့်သည် အရေးကြီးကြောင်း ပြောဆိုလိုက်သည်ဟု ရှေ့နေ ဦးဉာဏ်ဝင်းက ပြောသည်။ **(VOA 250810)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သည် သမ္မတစနစ်ကို အခြေခံထားသည့် ဖွဲ့စည်းပုံဖြစ်နေပြီး ဖွဲ့စည်းပုံပါ အချက်အလက်များကို ကြည့်ခြင်းအားဖြင့် ရွေးကောက်ပွဲအပြီးဖြစ်ပေါ်လာမည့် အစိုးရသစ်ကို ပြည်သူ့လွှတ်တော်က ထိန်းကျောင်းတည့်မတ်နိုင်မည်မဟုတ်ကြောင်း ပြောဆိုလိုက်သည်ဟု ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 250810)** Read More...
- မန္တလေးတိုင်းအတွင်းရှိ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းနှင့် မလှိုင် လေးမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များက အဖွဲ့ချုပ်ဗဟိုမှ ဆုံးဖြတ်သော ရွေးကောက်ပွဲသပိတ်မှောက်ရေးကို ထောက်ခံကြောင်းဆွေးနွေးခဲ့သည်ဟု မိတ္ထီလာမြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောသည်။ **(DVB 250810)** Read More...
- ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲဥပဒေများသည် တရားမျှတမှုမရှိသောကြောင့် ၂၀၁၀ ရွေးကောက်ပွဲအပေါ် ပြည့်စုံသည့်တုံ့ပြန်မှုဖြစ်စေရန်အတွက် ရွေးကောက်ပွဲကို သပိတ်မှောက်ရန် လိုအပ်ကြောင်း **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းတင်က ပြောသည်။ **(NEJ 260810)** Read More ...
- ရွေးကောက်ပွဲမတိုင်ခင် တပ်မတော်အတွင်း အပြောင်းအလဲများနှင့်ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဌ ဦးတင်ဦးက စစ်ဝတ်မှ အရပ်ဝတ်ပြောင်းပြီး အာဏာကို ဆက်လက်ချုပ်ကိုင်ခြင်းလုပ်ရပ်သည် စစ်အစိုးရ၏ လုပ်ရိုးလုပ်စဉ်ဖြစ်သည်ဟု ပြောကြားလိုက်သည်။ **(VOA 270810)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မဲမပေးကြရန် မှာကြားချက်ကို လမ်းညွှန်အဖြစ် အကောင်အထည်ဖော်သွားရန် ဩဂုတ် ၂၆ ရက်နေ့ည လူငယ်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်ဟု စည်းရုံးရေးအဖွဲ့ဝင် ကိုမြင့်ဌေးက ပြောသည်။ **(RFA 270810)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုပဲ နိုင်ငံရေးလုပ်ငန်းစဉ်များ ဆက်လုပ်ဆောင်သွားရန်အတွက် နယ်လှည့် စည်းရုံးရေးခရီးစဉ်အဖြစ် ရောဝတီတိုင်းသို့ ဩဂုတ်လ ၂၈ ရက်နေ့က စတင်လိုက်ပြီဖြစ်ကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။ **(VOA)** **Read More...**, **RFA...**

## (ခ) နယ်စပ်အခြေစိုက်အင်အားစုများ

- ရွေးကောက်ပွဲကို လက်မခံသည့် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) က ရွေးကောက်ပွဲလွန်ကာလအတွက် ယာယီ အစိုးရဖွဲ့စည်းရေး အပါအဝင် ဘုံလုပ်ငန်းစဉ် **Minimum Common Programme**" ခေါင်းစဉ်ဖြင့် ဆွေးနွေးတိုင် ပင်ခဲ့ကြပြီး ပြည်သူ့အင်အား **People Power** စုဆောင်းရေးကို "ရည်မှန်းချက်" ထားရမည်ဟု ဩဂုတ်လ ၁၈ ရက်နေ့က ထုတ်ဖော်ပြောဆိုလိုက်သည်။ **(Mizzima 230810)** **Read More...**
- မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် **(DAB)** က ဩဂုတ်လ ၂၄ ရက်နေ့၌ ကျင်းပပြီးစီးခဲ့သည့် ဆဌမ အကြိမ်မြောက် ညီလာခံအပြီးတွင် ၂၀၁၀ ရွေးကောက်ပွဲ ဖျက်သိမ်းရေးကို အပစ်ရပ်အင်အားစုများနှင့် လက်တွဲပြီး လုပ်ဆောင်မည့်လုပ်ငန်းစဉ်များ၊ လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ ဟန်ချက်ညီညီ ပေါင်းစပ်နိုင်မည့် လုပ်ငန်းစဉ် များကိုတိုးမြှင့်ပြီး လုပ်ငန်းလမ်းစဉ် (၇) ရပ်ချမှတ်ထားသည်ဟု **(DAB)** ကပြောသည်။ **(NEJ 250810)** **Read More...**
- မြန်မာစစ်အစိုးရ၏ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်အတွက် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ် ရပ်ဖွဲ့စည်းရန် အမေရိကန်နိုင်ငံ၏ ထောက်ခံမှုကို ကရင်နီလူ့မှုအသင်းအဖွဲ့များကွန်ယက် **(KCSN)** က ကြိုဆိုလိုက် သည်ဟု အဖွဲ့၏ပြောခွင့်ရ ပုဂ္ဂိုလ် မီရာအယ်ဒီက ပြောသည်။ **(BBC 260810)** **Read More...**

## (ဂ) ပြည်ပအင်အားစုများ

- ကနေဒါအစိုးရအနေဖြင့် မြန်မာစစ်အစိုးရကျူးလွန်ထားသည့် ရာဇဝတ်မှုများကို ကုလသမဂ္ဂမှ စုံးစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းရေးကို ထောက်ခံပေးရန် လန်ဒန်အခြေစိုက် **Burma Campaign UK** က ဦးဆောင်ပြီး မြန်မာ့ အရေးလှုပ်ရှားသူ ၇၀ ကျော်ဖြင့် ကနေဒါသံရုံးရှေ့တွင် တောင်းဆိုဆန္ဒပြခဲ့သည်ဟု မဇိုယာဖန်းက ပြောသည်။ **(DVB 250810)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို ငြင်းဆန်နေဆဲဖြစ်သော ဝ တပ်ဖွဲ့ **UWSA** နှင့် မိုင်းလားတပ်ဖွဲ့မှ ကိုယ်စားလှယ် များကိုခေါ်ယူပြီး ၄င်းတို့နယ်မြေတွင် ရွေးကောက်ပွဲအထမြောက်ရန် ကူညီရမည်ဟု ဗိုလ်ချုပ်ရဲမြင့်က ပြောကြားခဲ့ ကြောင်း တရုတ်နယ်စပ်-ငြိမ်းအဖွဲ့များစုထားသည် ငြိမ်းချမ်းရေးတပ်ဦး **PDF** မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(DVB 240810)** **Read More...**
- ရွေးကောက်ပွဲမတိုင်ခင် နယ်ခြားစောင့်တပ်အဖြစ် အသွင်းပြောင်းရန် ဖိအားပေးခံနေရသည့် ကချင်လွတ်မြောက်ရေး အဖွဲ့ **KIO** သည် နိုင်ငံရေးလမ်းစဉ်ကို ပြင်ဆင်ထားသကဲ့သို့ လက်နက်ကိုင် လမ်းစဉ်ကိုလည်း ဆက်လက်ကိုင်ဆောင် ထားသည်ဟု ကချင်သတင်းဌာနမှ ကိုနော်ဒင်က ပြောသည်။ **(BBC 240810)** **Read More...**
- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန်ကျန်ရှိသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်မဟာ ၅ မှ ဗိုလ်မှူးခင်မွေး (စောလားပွယ်) အဖွဲ့နှင့် ဗိုလ်ချုပ်ထိန်မောင် ဦးဆောင်သည့် ကရင်ငြိမ်း ချမ်းရေးကောင်စီအဖွဲ့များကို ရွေးကောက်ပွဲမတိုင်မီ တိကျသည့် အဖြေတစ်ခုမပေးနိုင်ပါက နအဖ၏ အင်အားသုံး ချေမှုန်းခြင်း ခံရမည်ဟု **DKBA** တပ်မှူးဟောင်း တစ်ဦးက ပြောသည်။ **(NEJ 240810)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဗိုလ်ချုပ်ထိန်မောင်ဦးစီးသည့် **KNU-KNLA** ငြိမ်းချမ်းရေးကောင်စီအဖွဲ့ကို စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်က တပတ်အတွင်း နယ်ခြားစောင့်တပ်မပြောင်းလျှင် ၄င်းတို့အခြေစိုက်ရာ နယ်မြေမှ မောင်းထုတ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း **KNU-KNLA** ခေါင်းဆောင်တဦးဖြစ်သူ ဦးတင်မသီက ပြောသည်။ **(BBC 240810)** **Read More...**
- လာမည့် နိုဝင်ဘာလ ၇ ရက်နေ့တွင် စစ်အစိုးရ ပြုလုပ်မည့် ရွေးကောက်ပွဲကို **UWSA** ဝပြည် သွေးစည်းညီညွတ်ရေးအဖွဲ့၏ နယ်မြေအတွင်း ပြုလုပ်ခွင့်မပေးနိုင်ကြောင်း စစ်အစိုးရကို **UWSA** က ဩဂုတ်လ ၂၄ ရက်နေ့တွင် အကြောင်းကြားလိုက်သည်ဟု ပန်ဆန်းအခြေစိုက် ဝအရာရှိတစ်ဦးက ပြောသည်။ **(RFA 240810)** **Read More...**
- နယ်ခြားစောင့်တပ် အသွင်မပြောင်းဘဲ တင်းခံနေသော ဗိုလ်နှုတ်ခမ်းမွှေး (ခေါ်) ဗိုလ်မှူးကြီး စောလားပွယ်ဦးစီးသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** တပ်မဟာ (၅) သည် အင်အားတစ်ထောင်ခန့် ကျန်သေးကြောင်း ၎င်းတပ်ဖွဲ့မှ ဗိုလ်မှူးချင်းလုံက ပြောသည်။ **(Mizzima 250810)** **Read More...**
- နအဖစစ်အစိုးရမှ ကြီးမှူးကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် လက်ရှိရင်ဆိုင်နေရသည့် တိုင်းရင်းသားပြဿနာများနှင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းပေးနိုင်မည်မဟုတ်သဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသွားရန် ဩဂုတ်လ ၂၅ ရက်နေ့က ကျရောက်သည့် ၆၃ နှစ်မြောက် မွန်အမျိုးသားတော်လှန်ရေးနေ့၌ မွန်ပြည်သစ်ပါတီက ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်သည်။ **(NEJ 250810)** **Read More...**, **DVB...**
- အပစ်ရပ်လက်နက်ကိုင်အဖွဲ့များထဲမှ ဒုတိယ အင်အားအများဆုံးဖြစ်သည့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ **KIO** အား နအဖ စစ်အစိုးရမှ လက်နက်ချရန် ဩဂုတ်လ ၂၂ ရက်နေ့က ပထမအကြိမ် ညွှန်ကြားလိုက်ကြောင်း **KIO** တွဲဘက်အထွေထွေ အတွင်းရေးမှူး ဆလန်ကာဘာ ဝေါ့ခရှန်းဆင်ဝါးက ပြောသည်။ **(KNG 250810)** **Read More...**
- ဗိုလ်ချုပ်ထိန်မောင် ဦးဆောင်သော ကရင်ငြိမ်းချမ်းရေးကောင်စီ **KNU/KNLA** က စစ်အစိုးရ၏ တပတ်အတွင်း နယ်ခြားစောင့်တပ်အသွင်းပြောင်းရေးကို ထပ်မံငြင်းဆန်လိုက်ပြီး စစ်ရေးအရ အရေးယူလျှင် အလားတူစစ်ရေးဖြင့် တုံ့ပြန်မည်ဟု အဖွဲ့ခေါင်းဆောင်တဦးဖြစ်သူ ဗိုလ်မှူးရင်နုက ပြောသည်။ **(VOA 260810)** **Read More...**
- ကချင်ပြည် လွတ်လပ်ရေးအဖွဲ့ **KIO**က စစ်အစိုးရ၏ နယ်ခြားစောင့်တပ် အသွင်းပြောင်းရေးကို လက်မခံလျှင် မတရားအသင်းကြေညာမည့်ဆိုသည့် ရာဇသံကို လက်မခံကြောင်း ဆုံးဖြတ်လိုက်သည်ဟု **KIO** ဒု–နိုင်ငံခြားရေးတာဝန်ခံဂျိမ်းစ်လွန်းဒေါင်းက ပြောသည်။ **(VOA 270810)** **Read More...**
- နအဖက နယ်ခြားစောင့်တပ်အဖြစ် လက်မခံပါက မတရားအသင်းအဖြစ် ကြေညာမည်ဟု ပြောဆိုပြီးနောက် အပစ်ရပ်တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များဖြစ်သော "ဝ" ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် **(UWSA)** နှင့် မွန်ပြည်သစ်ပါတီ **(NMSP)** တို့က လက်မခံနိုင်ကြောင်း အကြောင်းပြန်လိုက်သည်။ **(Irrawaddy 270810)** **Read More ...**

## နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** တပ်မဟာ(၅၅၅) ဒုဗိုလ်မှူးကြီးအောင်လင်း ဦးစီးသည့် တပ်ရင်း(၃) တပ်ခွဲမှူး ရမ်ဘို တပ်ခွဲမှ အရွယ်မရောက်သေးသည့် ကလေးစစ်သား စောခူ့မူး ၁၄နှစ်နှင့် စောဒါးအဲ့ ၁၅နှစ် နှစ်ဦးသည် နယ်ခြားစောင့်တပ်၏ စစ်သားအဖြစ် မခံယူလိုသဖြင့် **(KNU)** တပ်မဟာ (၇) ထံသို့ ထွက်ပြေးရောက်ရှိလာသည်။ **(KIC 240810)** **Read more**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- ၂၀၁၀ ရွေးကောက်ပွဲတွင် အတိုက်အခံပါတီများ ပါဝင်ယှဉ်ပြိုင်ရန်အတွက် တင်းကြပ်သော စည်းမျဉ်းဥပဒေများ နှင့် စီမံကိန်းများ စီစဉ်ချထားသောကြောင့် ရွေးကောက်ပွဲပြီးနောက်ပိုင်း စစ်အစိုးရကသာ အာဏာကို ဆက်လက်ချုပ်ကိုင်သွားမည်ဟု ဒီမိုကရက်တစ်ပါတီ ဥက္ကဌ ဦးသုဝေက ဝေဖန်လိုက်သည်။ **(VOA 220810)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီက အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် အဓိကထားပြီး လွှတ်တော်ကိုယ်စားလှယ် ၁၀၀ အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း **NDF** ပါတီခေါင်းဆောင် ဒေါက်တာသန်းငြိမ်းက ပြော သည်။ **(RFA 220810)** **Read More...**
- စစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် ပွင့်လင်းမှု၊ လွတ်လပ်မှု၊ တာဝန်ခံမှု မရှိသဖြင့် ပြည်သူလူထု၏ ယုံကြည်မှုလည်းနည်းပါးနေပြီး ရွေးကောက်ပွဲတွင် ပါဝင်မည့်နိုင်ငံရေးပါတီများလည်း အခက်အခဲများကြုံတွေ့နေရကြောင်း ဒီမိုကရေစီပါတီ (မြန်မာ) **(DPM)** ဌာနချုပ်တွင် ဩဂုတ်လ ၂၂ ရက်နေ့၌ ပြုလုပ်ခဲ့သောသတင်းစာရှင်းလင်းပွဲ၌ ပါတီ ဥက္ကဋ္ဌ ဦးသုဝေက ပြောဆိုလိုက်သည်။ **(Irrawaddy 230810)** **Read More...**
- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **(RNDP)**အား ဒေသဆိုင်ရာ ရဲတပ်ဖွဲ့များက စစ်ဆေးမေးမြန်း ခြိမ်းခြောက်ပြောဆိုနေသဖြင့် ရွေးကောက်ပွဲကော်မရှင် (ဗဟို) သို့ အကြောင်းကြားစာပေးပို့ တိုင်ကြားသွားမည်ဖြစ်ကြောင်း အဆိုပါ ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ **(Irrawaddy 230810)** **Read More...**
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ရန်ကုန်ရှိ အပတ်စဉ်ထုတ် သတင်းဂျာနယ်များဖြစ်သည့် **Monitor၊ The Hot News** နှင့် **The Voice Weekly** တို့တွင် **NDF** ခေါင်းဆောင်များ အင်တာဗျူးနှင့် ပါတီတံဆိပ် ခမောက်ပုံကို စာပေစိစစ်ရေးသို့ တင်ပြရာတွင် ခမောက်ပုံကို ဖော်ပြခွင့်မပြုကြောင်း **NDF** ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြော သည်။ **(Mizzima 230810)** **Read More...**
- စစ်အစိုးရနှင့် ငြိမ်းချမ်းရေးယူထားသည့် ကရင်လက်နက်ကိုင်အဖွဲ့ဝင်များက ကရင်ပြည်နယ် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ **(KSDDP)** ကို ထူထောင်လိုက်ပြီး ဩဂုတ်လ ၁၂ ရက်နေ့၌ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ထံသို့ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားခဲ့ရာ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ (၉)နှင့်အညီ ကော်မရှင်က ဩဂုတ်လ (၁၉)ရက်နေ့တွင် နိုင်ငံရေးပါတီမှတ်ပုံတင် ခွင့်ပြုလိုက်ကြောင်း ကြေညာချက်အမှတ် (၉၂/၂၀၁၀)ဖြင့် ထုတ်ပြန် ကြေညာလိုက်သည်။ **(KIC 230810)** **Read More...**
- ကရင်ပြည်သူ့ပါတီ **KPP** သည် လွှတ်တော်သုံးရပ်အတွက် အမတ်လောင်း အနည်းဆုံး ၃၄ ယောက်ကို ပြင်ဆင်ထားပြီး ငွေကြေး တတ်နိုင်သူများက ပံ့ပိုးကြကြောင်းနှင့် အရွေးချယ်ခံမည့်သူများကလည်း စိုက်ထုတ်ကုန် ကျခံကြမည်ဖြစ်ကြောင်း ဒု–ဥက္ကဋ္ဌ စောအေးကိုက ပြောသည်။ **(BBC 230810)** **Read More...**
- ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးသုဝေနှင့် အမျိုးသားဒီမိုကရေစီအင်အားစု **(NDF)** ခေါင်းဆောင် ဦးခင်မောင်ဆွေတို့က နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲကော်မရှင်၏ ကန့်သတ်ချက်ဘောင်များအတိုင်း အလျင်အမြန် ပြင်ဆင်လုပ်ဆောင်နေချိန်တွင် ရပ်ကွက်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးများ၏ ရုံးလုပ်ငန်းအဆင့်ဆင့် ရှုပ်ထွေးကြန့်ကြာမှုကြောင့် ပိုမိုအခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း ပြောကြားလိုက်သည်။ **(VOA 230810)** **Read More...**
- တနင်္သာရီတိုင်း ထားဝယ်မြို့တွင် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** မှ ပါတီရုံးခန်းဖွင့်ရေးနှင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် စည်းရုံးမှုများ ပြုလုပ်နေသည်ဟု ရေဖြူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးတိုးပိုက ပြောသည်။ **(DVB 230810)** **Read More...**
- နိုင်ငံတဝှမ်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားသည့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် **UKL** သည် ပါတီဝင်အင်အား ၁,၀၀၀ မပြနိုင်သဖြင့် ဧရာဝတီတိုင်းတစ်တိုင်းကိုသာ ကိုယ်စားပြုယှဉ်ပြိုင်တော့မည်ဟု **UKL** က ပြောသည်။ **(Mizzima 240810)** **Read More...**
- တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပါတီ **(ENDP)**၏ ပါတီရုံးချုပ်အခြေစိုက်ရာ မတူပီမြို့နယ် လိုင်လင်းပီရွာတွင် ပထမဆုံးအကြိမ် ပါတီညီလာခံကို ကျင်းပခဲ့ကြပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲခွဲ၍ တညီတ ညွတ်တည်း ရွေးချယ်ခဲ့ကြသည်ဟု ပြည်တွင်းတက္ကသိုလ်ကျောင်းသားတဦးက ပြောသည်။ **(Khonumthung 240810)** **Read More**
- သတ္တုတွင်းဝန်ကြီး ဗိုလ်ချုပ်အုန်းမြင့်၏ ဖိအားပေးမှုကြောင့် မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **(AMRDP)**သို့ ဝင်ရောက်သူများ နှုတ်ထွက်ပေးရမည်ဟု မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တက ဆုံးဖြတ်ချက်ချလိုက်ပြီဖြစ်ကြောင်း မွန်လူငယ်ခေါင်းဆောင်တစ်ဦးက ပြောသည်။ **(IMNA 240810)** **Read More**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ရွေးကောက်ပွဲဝင်မည့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် **UDPKS** သည် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် ငွေကြေးအခက်အခဲရှိသောကြောင့် အမတ်လောင်း (၇) ဦးသာ ဝင်ပြိုင်မည်ဖြစ်ကြောင်း ပါတီ အတွင်းရေးမှူး ဦးဖောင်လားကမ်ဖန် ကပြောသည်။ **(KNG 250810)** Read More
- အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ **NLD** ခွဲထွက်ပြီး အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီကို တည်ထောင်ခဲ့သူ ဦးခင်မောင်ဆွေသည် စစ်အစိုးရ ကျင်းပမည့်ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်တော့မည် မဟုတ်ကြောင်း ဩဂုတ်လ ၂၅ ရက်နေ့က ပြောကြားလိုက်သည်။ **(Mizzima 250810)** Read More...
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ချင်းအမျိုးသားပါတီ **(CNP)** နှင့် ချင်း တိုးတက်ရေးပါတီ **(CPP)** တို့က လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ထားပြီးဖြစ်သော်လည်း ကိုယ်စား လှယ်လောင်း တစ်ဦးအတွက် ကျပ်ငွေ (၅) သိန်း ထည့်ဝင်ရေးတွင် အခက်အခဲကြုံနေရသည်ဟု ချင်းတိုးတက်ရေး ပါတီ ဥက္ကဋ္ဌ ပူးနိုးထန်ကပ်က ပြောသည်။ **(Khonumthung 250810)** Read More...
- ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) **DPM** မန္တလေးတိုင်းက ထုတ်ဝေသော ကဒေါင်းရွေးကောက်ပွဲဂျာနယ်တွင် ဖော်ပြခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပါတီပြောင်းလိုက်ခြင်းသည် ကလိမ်ကကျစ်လုပ်ရပ်ဖြစ်သည်ဟု ဆိုသည့်စကားလုံးကြောင့် စာပေစိစစ်ရေးဌာနမှ ကျပ်ငွေနှစ်သိန်း ဒဏ်ရိုက်လိုက်သည်ဟု ပါတီဥက္ကဋ္ဌဦးသုဝေက ပြောသည်။ **(BBC 250810)** Read More...
- ကမာန်အမျိုးသားတိုးတက်ရေးပါတီက ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ်ဘာသာဝင် ကမာန်လူမျိုးစု၏ အခွင့်အရေးအတွက် စစ်တွေမြို့တွင် ၄ နေရာနှင့် သံတွဲမြို့တွင် ၁ နေရာ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပါတီဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြောသည်။ **(DVB 250810)** Read More...
- ပြည်ထောင်စုဒီမိုကရေစီပါတီ **UDP** က လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေး တောင်းဆိုချက်မှန်သမျှကို နအဖစစ်အစိုးရအနေဖြင့် မပြောင်းနိုင်သော နိုင်ငံရေးအသေရပ်တည်မှုဖြင့် မလိုက်လျောခဲ့မှုများအပေါ် ရှုတ်ချလိုက်ကြောင်း **UDP** ဥက္ကဋ္ဌ ဦးသိန်းဒွေးက ပြောသည်။ **(DVB 250810)** Read More...
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီနှစ်ပါတီ ဈေးထဲတွင် အလှူခံခဲ့မှုနှင့်ပတ်သက်၍ စွဲဆိုထားသည့်အမှုကို ရန်ကုန်တိုင်း မြောက်ဥက္ကလာပ စည်ပင်သာယာရေး တရားရုံးက ပြန်လည်ရုတ်သိမ်းလိုက်သည်ဟု ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူး ကိုလေးစိုးက ပြောသည်။ **(DVB 250810)** Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ၏ပါတီအမှတ်တံဆိပ် ရွှေခမောက်ပုံနှင့် ပါတီခေါင်းဆောင်များ၏ အင်တာဗျူးများကို စာပေစီစစ်ရေးက ဆင်ဆာဖြတ်နေသည်ဟု **NDF** ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(DVB 240810)** Read More...
- ပြည်ထောင်စုဒီမိုကရေစီပါတီ **UDP** သည် ရွေးကောက်ပွဲ၌ ပဲခူးမြို့နယ်တွင် ပါတီဥက္ကဋ္ဌ ဦးသိန်းဒွေး၊ တာမွေမြို့နယ်တွင် ဦးသိန်းတင်အောင်နှင့် လှိုင်သာယာမြို့နယ်တွင် ဦးဒွေးတို့မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု **UDP** ဥက္ကဋ္ဌ ဦးသိန်းဒွေးက ပြောသည်။ **(BBC 260810)** Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီခေါင်းဆောင်များဖြစ်ကြသော ဦးခင်မောင်ဆွေ၊ ဦးစိန်လှဦးနှင့် ဦးသာဆိုင်တို့ သုံးဦးက ရွေးကောက်ပွဲကော်မရှင်၏ ဝန်ခံကတိထပ်မံတောင်းဆိုချက်ကို လက်မခံဘဲ ရွေးကောက်ပွဲတွင် ဝင်မပြိုင်ပဲ ပါတီတွင် ဆက်လက်တာဝန်ယူမည်ဟု **NDF** ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(DVB 260810)** Read More...
- ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ၂၅ ခုမြောက် ပါတီရုံးခွဲအဖြစ် ပဲခူးတိုင်း သာယာဝတီမြို့နယ်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သော် ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ကြေးနှင့် အချိန်မီမှတ်ပုံတင်ရန် အခက်အခဲဖြစ်နေသည်ဟု ဒေါ်ချိုချိုကျော်ငြိမ်းက ပြောသည်။ **(Myanmar Times Vol. 25, No.481 - 260810)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေကြသည့် နိုင်ငံရေးပါတီများ၏ ပါတီမူဝါဒဆိုင်ရာ စာရွက်စာတမ်းများကို ပုံနှိပ်တိုက်များက ရိုက်မပေးရဲကြတော့သဖြင့် ဒုတိယအကြိမ် ထုတ်မည့်စာစောင်အတွက် အခက်အခဲဖြစ်နေသည်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) **DPM** ၏ အထွေထွေအတွင်းရေးမှူး ဒေါ်သန်းသန်းနု က ပြောသည်။ **(Irrawaddy 260810)** [Read More …]
- အချိန်မလုံလောက်မှုနှင့် ကြုံတွေ့နေရသော နိုင်ငံရေးပါတီများဖြစ်သည့် ၈၈ မျိုးဆက် ကျောင်းသားလူငယ် (ပြည်ထောင်စု မြန်မာနိုင်ငံ) **88GSY (UM)**၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် **(UMFNP)** နှင့် မြန်မာဒီမိုကရေစီကွန်ဂရက် **(MDC)** တို့က ရွေးကောက်ပွဲကို ဒီဇင်ဘာလလယ်သို့ နောက်ဆုတ်ကျင်းပပေးရန်နှင့် လွှတ်တော်ကိုယ် စားလှယ်လောင်း တင်သွင်းရမည့် နောက်ဆုံးရက်ကို အချိန်တိုးပေးရန် ရွေးကောက်ပွဲကော်မရှင်ထံသို့ စာရေးပေးပို့ တောင်းဆိုလိုက်သည်။ **(Mizzima 260810)** [Read More…]
- ရခိုင်ပြည်နယ်ထွက် သဘာဝဓာတ်ငွေ့ကို ရခိုင်ပြည်သူအားလုံး ခံစားခွင့် ရရှိရေးအတွက် ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် လွှတ်တော်ထဲတွင် ဆွေးနွေးတင်ပြသွားမည်ဟု ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** အတွင်းရေးမှူး ဦးထွန်းအောင်ကျော်ကပြောသည်။ **(Mizzima 260810)** [Read More...]
- ရွေးကောက်ပွဲကော်မရှင်၏ ဝန်ခံကတိထပ်မံတောင်းဆိုချက်ကို လက်မခံဘဲ ရွေးကောက်ပွဲတွင် ဝင်မပြိုင်ဟုဆိုသော အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီခေါင်းဆောင် ဦးစိန်လှဦးကို ဩဂုတ် ၂၆ နေ့တွင် ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်လောင်းအဖြစ် လက်ခံကြောင်း လာရောက်ပြောဆိုခြင်းကို ပြန်လည်ငြင်းဆန်လိုက်သည်ဟု ပါတီခေါင်းဆောင် ဦးစိန်လှဦးက ပြောသည်။ **(BBC 270810)** [Read More...]
- ချင်းတိုးတက်ရေးပါတီ **CPP** က ရွေးကောက်ပွဲအတွက် ပါတီဝင် ၁၂,၀၀၀ ကျော်ရှိပြီး ချင်းပြည်နယ်အတွင်း ၉ မြို့နယ်နှင့် စစ်ကိုင်းတိုင်းအတွင်း ၂ မြို့နယ်တို့တွင် အမတ်လောင်းဦးရေ ၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု **CPP** ဥက္ကဋ္ဌ ဦးနိုထန်ကတ်က ပြောသည်။ **(RFA 270810)** [Read More...]
- ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** က ရှမ်းလူမျိုးအများစုရှိသော ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များတွင် ကိုယ်စားလှယ်လောင်းစာရင်းများ ရယူနေသော်လည်း တင်သွင်းရမည့် ရက်အကန့်အသတ်ကြောင့် နေရာအချို့ကို လက်လွှတ်လိုက်ရသည်ဟု **SNDP** ဗဟိုကော်မတီဝင် ဦးစောသန်းမြင့်က ပြောသည်။ **(DVB 270810)** [Read More...]
- ၂၀၁၀ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ရန်ကုန်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် **UMFNP**၊ ၈၈ မျိုးဆက် ကျောင်းသား လူငယ်များအဖွဲ့ (ပြည်ထောင်စု မြန်မာနိုင်ငံ) **88GSY (UM)** နှင့် မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီ **MDCP** တို့က မဟာမိတ် ပါတီများအဖြစ် ဖွဲ့စည်းလိုက်သည်။ **(Mizzima 270810)** [Read More …]
- ပဲခူးတိုင်းအနောက်ခြမ်း ရွှေတောင်မြို့နယ်၊ ပေါင်းကျိုးကျေးရွာတွင် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် **(UMFNP)** သည် ကျေးရွာများအတွင်း ပါတီဝင်များအား ပါတီဝင်ကဒ်များ ထုတ်ပေးနေစဉ် စွမ်းအားရှင်အဖွဲ့ဝင်တစ်ဦးမှ အနှောင့်အယှက်ပေးခဲ့သည်ဟု ပါတီ ဥက္ကဋ္ဌ ဦးအေးလွင်က ပြောသည်။ **(NMG 270810)** [Read More …]
- ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒု-ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်းအပါအဝင် စစ်တပ်အရာရှိကြီးများ တပ်ရာထူးများမှ အနားယူကာ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေမှုအပေါ် မြန်မာပြည်တွင်းရှိ နိုင်ငံရေးသမားများက အမြင်အမျိုးမျိုးကွဲပြားနေကြသည်။ **(Irrawaddy 280810)** [Read More...]

[နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားဆဲ အဖွဲ့အစည်းများ]

- လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် တစ်ပတ်သာကျန်နေချိန်ထိ မှတ်ပုံတင်ခွင့်မပြု သေးသော ကချင်ပြည်နယ်တိုးတက်ရေးပါတီ **KSPP** ကို မှတ်ပုံတင်ခွင့်ကျရန်အတွက် ဆက်လက်စောင့်ဆိုင်းရန် အာဏာပိုင်များက အကြောင်းကြားလာသည်ဟု **KSPP** ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။ **(VOA 230810)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကချင်ပြည်နယ် တိုးတက်ရေးပါတီ **(KSPP)** ကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ပါတီမှတ်ပုံတင်ခွင့် ချပေးရန် မျှော်လင့်ချက်အလွန် နည်းပါးသွားပြီဖြစ်ကြောင်း ပါတီခေါင်းဆောင် ဒေါက်တာ မနန်တူးဂျာက ပြောသည်။ **(Irrawaddy 240810) Read More...**

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- စစ်အစိုးရ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်မည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ၏ ထုတ်ပြန်ကြေညာချက်ကို ရန်ကုန်ပြည်သူလူထုက ကြိုဆိုထောက်ခံကြောင်း မြို့ခံများကပြောသည်။ **(NEJ 230810) Read More...**
- စစ်အစိုးရမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကို ၄င်းပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သဖြင့် အခြားပါတီများတောင်းဆိုသော အချက်များကို ရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်ပေးမည်မဟုတ်ကြောင်း ရှေ့နေကြီး ဦးအောင်သိန်းက ပြောဆိုလိုက်သည်။ **(BBC 230810) Read More...**
- ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် ယခုအချိန်အထိ နိုင်ငံရေး ပါတီအနေနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ **(USDP)** တစ်ပါတီတည်းသာ ရှိသောကြောင့် ဒေသခံများက မဲမပေးရေးကိုသာ စဉ်းစားနေကြကြောင်း တိုက်ကြီးမြို့နယ် ဇီးကုန်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။ **(Irrawaddy 250810) Read More...**
- နိုဝင်ဘာလ ၇ ရက်နေ့တွင် နအဖစစ်အစိုးရမှ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အဆိုတော် ရသ က တိုင်းပြည်ကောင်းကျိုးအတွက် အုပ်ချုပ်သည့်အာဏာပိုင်များနှင့်သာ မဆိုင်ပဲ အုပ်ချုပ်သူများနှင့် ပြည်သူများ ပူးပေါင်းလုပ်ဆောင်မှသာ တိုင်းပြည်တိုးတက်လာမည်ဟု ပြောဆိုလိုက်သည်။ **(Myanmar Times Vol. 25, No.481 260810) Read More...**

## လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးစားနေသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ

- နအဖ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် ကြေညာချက်အမှတ် ၉၁/၂၀၁၀ အရ တသီးပုဂ္ဂလ လွှတ်တော်အမတ်များသည် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ရေးသားပုံနှိပ် ထုတ်ဝေတင်ပြခွင့်နှင့်ပတ်သက်၍ နိုင်ငံရေးပါတီများနည်းတူ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် တသီးပုဂ္ဂလအမတ်အဖြစ် ဝင်ရောက်အရွေးခံရန်အတွက် အခက်အခဲများ ကြုံလာနိုင်ကြောင်း နိုင်ငံရေးသမားဟောင်းတစ်ဦးက ပြောသည်။ **(NEJ 240810) Read More**
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တသီးပုဂ္ဂ ကိုယ်စားလှယ်များအဖြစ် မော်လမြိုင်မြို့မှ မွန်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်အသင်း ဒု-ဥက္ကဌ ဦးလှရှိန်နှင့် မြောက်ဥက္ကလာပမြို့နယ်မှ ဦးဘတင့်ဆွေတို့အပါအဝင် မြို့နယ်ပေါင်း ၁၈ ခုမှ တသီးပုဂ္ဂ ကိုယ်စားလှယ်များက အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ပုဇွန်တောင်မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူ ဖန်ထည်၊ ကြွေထည်လုပ်ငန်းရှင် ဦးရန်ကျော်က ပြောသည်။ **(Myanmar Times Vol .25, No.481 260810) Read More...**
- နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်မရသည့် ကချင်ပြည်နယ် တိုးတက်ရေးပါတီ **(KSPP)** မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တသီးပုဂ္ဂလ အမတ်များအဖြစ် မှတ်ပုံတင်နေပြီးဖြစ်ကြောင်း ကာယကံရှင်များက ပြောသည်။ **(NEJ 260810) Read More…**

## နိုင်ငံတကာရောက် မြန်မာပညာရှင်များနှင့်မြန်မာနိုင်ငံသားများ

- နိုင်ငံရေးပါတီများအနေဖြင့် ငွေရေး၊ ကြေးရေးနှင့် အချိန်ကန့်သတ်မှုအရ ဖိစီးရုန်းကန်နေရမှုကြောင့် တသီးပုဂ္ဂလ အရွေးခံမည့် ကိုယ်စားလှယ်လောင်းများ၏ အခန်းကဏ္ဍမှာ ပိုမိုအရေးကြီးလာသည်ဟု မြန်မာ့အရေးလေ့လာသူ ဦးအောင်သူငြိမ်းက ပြောသည်။ **(VOA 230810) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စကော်ပူနိုင်ငံရောက် မဲပေးခွင့်ရှိသူမြန်မာနိုင်ငံသားတစ်ဦးက စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ စကော်ပူအခြေစိုက် မြန်မာသံရုံးက အသိပေးခြင်းမရှိသဖြင့် မီဒီယာများကတဆင့် အချက်အလက်များ ကိုယ်တိုင်ရယူနေရသည်ဟု ပြောသည်။ **(DVB 250810)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ၆၅ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးတွင် မြန်မာ့အရေးနှင့်သက်၍ ဆွေးနွေးမှုများ ပိုမိုတိုးတက်လာနိုင်ပြီး မြန်မာ့လူ့အခွင့်အရေးအစီရင်ခံစာတင်သွင်းရန် ပြင်ဆင်နေသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့် အရေး အထူးကိုယ်စားလှယ် **(Tomas Ojea Quintana)** က ပြောသည်။ **(VOA 230810)** **Read More...**

### (ခ) အစိုးရများ

- မြန်မာစစ်အစိုးရ၏ ရာဇ၀တ်မှုများကို ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရန် အမေရိကန်အစိုးရက ထောက်ခံခဲ့ပြီးနောက် ရှေ့ဆက် အကောင်းဆုံး လုပ်ဆောင်နိုင်ရန် လေ့လာနေသည်ဟု အမေရိကန်နိုင်ငံခြားရေး ၀န်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် **(P.J. Crowley)** က ပြောသည်။ **(VOA 240810)** **Read More...**
- အိန္ဒိယ အရှေ့မြောက်ပြည်နယ် မီဇိုရမ်ရှိ အာဏာရ ကွန်ဂရက်ပါတီက မြန်မာစစ်အစိုးရ ကျင်းပမည့်ရွေး ကောက်ပွဲသည် ဒီမိုကရေစီ နည်းလမ်းကျကျနှင့် လွတ်လပ်၍တရားမျှသေ ရွေးကောက်ပွဲဖြစ်စေလိုကြောင်း ကွန်ဂရက်ပါတီ သတင်းနှင့်ပြန်ကြားရေး ဌာန ဉက္ကဋ္ဌ **Pu P. C. Lalruata** က ပြောသည်။ **(Mizzima 240810)** **Read More...**
- မြန်မာနိုင်ငံ ရွေးကောက်ပွဲကာလတွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် မြန်မာနိုင်ငံသို့သွားမည့် ဗြိတိန်နိုင်ငံသားများအနေဖြင့် အကြမ်းဖက်မှုများဖြစ်ပေါ်လာပါက စစ်သားနှင့်ရဲများကို ဓါတ်ပုံ/ဗီဒီယိုရိုက်ခြင်းမလုပ်ကြရန် ဗြိတိန်အစိုးရက အကြံပြု ပြောဆိုလိုက်သည်။ **(Mizzima 260810)** **Read More…**
- မြန်မာနိုင်ငံတွင် စစ်အစိုးရက နျူကလီးယား စီမံကိန်း မရှိကြောင်း အခိုင်အမာ ပြောဆိုသော်လည်း ဆက်လက်စောင့်ကြည့်လေ့လာသွားရန် လိုအပ်သည်ဟု အိန္ဒိယ နိုင်ငံခြားရေး၀န်ကြီး အက်စ်အမ်ခရစ်ရှနား **(S.M. Krishna)** က ဩဂုတ်လ ၂၆ ရက်နေ့တွင် ပြုလုပ်သည့် အထက်လွှတ်တော် အစည်းဝေး၌ ပြောဆိုခဲ့သည်။ **(Irrawaddy 270810)** **Read More …**

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ဝါရှင်တန်အခြေစိုက် **The National Democratic Institute (NDI)** အဖွဲ့ကြီးက မြန်မာ့စစ်အစိုးရ၏ ရွေးကောက်ပွဲကို မထောက်ခံသော်လည်း ရွေးကောက်ပွဲဖြစ်စဉ်ကို မျက်ခြေမပြတ် စောင့်ကြည့်လေ့လာ၀ေဖန်ရန်လိုအပ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သဘောထားနှင့် မိမိတို့၏သဘောထား တထပ်တည်းဖြစ်ကြောင်း **NDI** အကြီးတန်းသုတေသီ မက်သရူးဖရူမင် **(Matthew Frunin)** က ပြောဆိုလိုက်သည်။ **(VOA 250810)** **Read More...**

---

***End of report/ Saturday, August 28, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---